# Palm / Passion Sunday - B

## 1st READING: *Is 50:4-7*

ယေရှာယအနာဂတ္တိကျမ်း ( ၅၀း ၄ – ၇)

ငါသည်ပင်ပန်းသောသူအားမစခြင်းငှာစကားပြောတတ်မည်အကြောင်း၊အရှင်ထာဝရဘုရားသည်လူတတ်၏နှုတ်သတ္တိကိုငါ့အားပေးတော်မူပြီ။ နံနက်အစဉ်အတိုင်းငါ့ကိုနှိုးတော်မူပြီ။စာသင်သောသူကဲ့သို့နားထောင်စေမည့်အကြောင်းငါ့နားကိုနှိုးဆော်တော်မူပြီ။ အရှင်ထာဝရဘုရားသည်ငါ့နားကိုဖွင့်တော်မူ၍၊ငါလည်းမငြင်းမဆန်၊ နောက်သို့မဆုတ်၊ ရိုက်သောသူတို့အားငါ့ကျောကိုငင်းင်း၊ နားပန်ဆံကိုနှုတ်သောသူတို့အားငါ့ပါးကိုငင်းင်း၊ ငါအပ်၏။ အရှက်ခွဲခြင်းနှင့်တံတွေးထွေးခြင်းမှငါသည်ကိုယ်မျက်နှာကို မလွှဲ။ အရှင်ထာဝရဘုရားသည်ငါ့ကိုစောင့်မတော်မူလိမ့်မည်။ ထို့ကြောင့်၊ ငါမရှုံးရသည်ဖြစ်၍၊ ကိုယ်မျက်နှာကိုမီးကျောက်ကဲ့သို့ထားလျက်၊ ရှက်ကြောက်ခြင်းသို့မရောက်ရဟုငါသိ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဋ်တော်ပေတည်း။

## Responsorial Psalm  Ps 22:8-9, 17-18, 19-20, 23-24

ဆာလံ ၂၂

**သံပြိုင်။** ။ တပည့်တော်၏ ဘုရား အဘယ်ကြောင့် တပည့်တော်ကို စွန့်ပစ်ထားတော်မူ ပါသနည်း။
R. (2a) My God, my God, why have you abandoned me?

၁။ တပည့်တော်ကို မြင်ကြသူတိုင်းကပြောင်လှောင်ရှုတ်ချကြပါ၏။ သူတို့သည်မဲ့ရွဲ့ပြကာခေါင်းကိုယမ်းလျှက်၊ ဤသူသည်ထာဝရဘုရားကိုခိုလှုံအားကိုးသောသူဖြစ်၏။ သူ့ဘုရားသည်သူ့ကိုကယ်တင်ပါစေ။ သူ့ကိုရွေးနှုတ်ပါစေ။ **(သံပြိုင်)**

All who see me scoff at me; they mock me with parted lips, they wag their heads: “He relied on the LORD; let him deliver him, let him rescue him, if he loves him.”

၂။ခွေးများသည်တပည့်တော်၏ပတ်လည်တွင်ရှိနေကြပါ၏။မကောင်းမှုကိုကျူးလွန်သောသူတစ်စုသည်လည်းတပည့်တော်ကိုဝိုင်းရံထားပါ၏။သူတို့သည်တပည့်တော်၏လက်များနှင့်ခြေများကိုထိုးဖောက်ကြလေပြီ။တပည့်တော်သည်မိမိအရိုးရှိသမျှတို့ကိုရေတွက်နိုင်ပါပြီ။ **(သံပြိုင်)**

Indeed, many dogs surround me, a pack of evildoers closes in upon me; They have pierced my hands and my feet; I can count all my bones.

၃။သူတို့သည်တပည့်တော်၏အဝတ်များကိုအချင်းချင်းခွဲဝေယူကြလျက်တပည့်တော်၏ဝတ်ရုံကိုမဲချယူကြလေပြီ။သို့သော်အိုထာဝရ၊တပည့်တော်နှင့်ဝေးဝေးနေတော်မမူပါနှင့်။အိုတပည့်တော်၏ခွန်အားဖြစ်တော်မူသောကိုယ်တော်ဘုရား၊တပည့်တော်ကိုကူညီစောင်မရန်အလျင်အမြန်ကြွလာတော်မူပါ။ **(သံပြိုင်)**

They divide my garments among them, and for my vesture they cast lots. But you, O LORD, be not far from me; O my help, hasten to aid me.

၄။ ကိုယ်တော်၏နာမတော်အကြောင်းကိုတပည့်တော်၏ညီအစ်ကိုမောင်နှမတို့အားပြောကြားပါမည်။လူတို့အစည်းအဝေး၌ကိုယ်တော်ကိုချီးမွမ်းထောမနာပြုပါမည်။ထာဝရဘုရားကိုကြောက်ရွံ့သော၊သင်တို့ကိုယ်တော်ကိုချီးမွမ်းထောမနာပြုကြလော့။ယာကုပ်၏သားမြေးတို့ကိုယ်တော်အားဂုဏ်ပြုချီးမွမ်းကြလော့။အစ္စရေးလ်လူမျိုးအပေါင်းတို့ကိုယ်တော်ကိုကြောက်ရွံ့ရိုသေကြလော့။ **(သံပြိုင်)**

I will proclaim your name to my brethren; in the midst of the assembly I will praise you: “You who fear the LORD, praise him; all you descendants of Jacob, give glory to him; revere him, all you descendants of Israel!”

## 2nd READING: *Philippians 2:6-11*

ဖိလိပိသြဝါဒစာ ၂း၆–၁၁

ထိုသခင်သည်ဘုရားသခင်၏အဖြစ်တော်၌ပြည့်စုံတော်မူသော်လည်းဘုရားသခင်နှင့်ဂုဏ်ရည်တူရန်ကြိုးစားသင့်သည်ဟုထင်မှတ်တော်မမူ။ မိမိ၏ဘုရားဘုန်းဂုဏ်တော်ကိုစွန့်၍အစေခံကျွန်၏သဏ္ဌာန်ကိုဆောင်တော်မူလျက်လူအဖြစ်၌မွေးဖွားခြင်းကိုခံတော်မူ၏။ ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်အသေခံခြင်းသာမဟုတ်၊လက်ဝါးကပ်တိုင်တွင်အသေခံခြင်းတိုင်အောင်အစေခံ၍မိမိကိုယ်ကိုနှိမ့်ချတော်မူ၏။ ဤအကြောင်းကြောင့်ဘုရားသခင်သည်ကိုယ်တော်ကိုအထက်ဘဝဂ်သို့တိုင်အောင်ချီးမြှောက်၍ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သောဘွဲ့နာမကိုပေးသနားတော်မူ၏။ ထို့ကြောင့်ကောင်းကင်၊မြေကြီးနှင့်မြေကြီးအောက်ရှိသတ္တဝါအပေါင်းတို့သည်သခင်ယေရှု၏နာမတော်ကိုရိုသေဦးညွှတ်လျက်ယေရှုခရစ်တော်သည်အရှင်သခင်ဖြစ်တော်မူသည်ဟုနှုတ်မှဝန်ခံသဖြင့်ခမည်းတော်ဘုရား၏ဘုန်းတော်ဂုဏ်တော်ကိုထွန်းတောက်စေကြလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## **GOSPEL:** *Mark 14:1-15:47*

ရှင်မာကုဧဝံဂေလိကျမ်း ၁၄း ၁–၁၅း၄၇

အချိန်ကား၊ပါစကားပွဲနှင့်တဆေးမဲ့မုန့်ပွဲတော်ကျရောက်ရန်နှစ်ရက်ခန့်အလိုဖြစ်၏ ။ရဟန်းအကြီးအကဲများနှင့်ကျမ်းတတ်ဆရာတို့သည်ကိုယ်တော့်ကိုပရိယာယ်ဆင်၍ဖမ်းဆီးသတ်ဖြတ်နိုင်ရန်နည်းလမ်းရှာကြံနေကြ၏ ။သို့သော်သူတို့သည်လူများရုန်းရင်းဆန်ခတ်ဖြစ်မည်ကိုစိုးရိမ်သဖြင့်ပွဲတော်ရက်အတွင်းမဖမ်းဆီးကြနှင့်ဟုဆိုကြ၏ ။ကိုယ်တော်သည်ဗက်သနီရွာ၌အနာကြီးရောဂါသည်စီမုန်၏အိမ်တွင်စားပွဲ၌ထိုင်နေတော်မူစဉ်အမျိုးသမီးတစ်ဦးသည်တန်ဖိုးကြီးသောနာဒ်ဆီမွှေးကျောက်ဖြူဘူးတစ်လုံးကိုယူ၍အထံတော်သို့ချဉ်းကပ်ပြီးလျှင်ဘူးကိုခွဲ၍ယ်တော်၏ဦးခေါင်းပေါ်၌ဆီမွှေးကိုသွန်းလောင်းလေ၏ ။သို့သော်အချို့သူများသည်အမျက်ဒေါသထွက်ကြ၍၊အချင်းချင်းပြောဆိုကြသည်မှာအဘယ် ကြောင့်ဆီမွှေးကိုဤသို့ဖြုန်းတီးရသနည်း။ ဤဆီမွှေးကိုဒေနာရီသုံးရာထက်မကသောငွေဖြင့်ရောင်းချပြီးဆင်းရဲသားတို့အားပေးကမ်းသင့်သညဟုဆိုကြလျက်အမျိုးသမီးကိုအပြစ်တင်ငေါက်ငမ်းကြ၏ ။ သို့သော်သခင်ယေရှုးကမိန့်တော်မူ သည်ကား၊ သူမပြုလိုရာပြုပါစေ။ အဘယ်ကြောင့်သူမကိုစိတ်အနှောင့်အယှက်ဖြစ်စေကြသနည်း။ သူမသည်ငါ့အတွက် မွန်မြတ် သောအမှုကိုပြုလေပြီ။
အကြောင်းမူကား၊ဆင်းရဲသားတို့သည်သင်တို့နှင့်အစဉ်အမြဲရှိကြ၏ ။သင်တို့အလိုရှိသည့်အခါတိုင်းသူတို့အားကျေးဇူးပြုနိုင်ကြ၏ ။ သို့သော်ငါသည်သင်တို့နှင့်အစဉ်အမြဲရှိလိမ့်မည်မဟုတ်။ သူမသည်မိမိတတ်နိုင်သမျှကိုပြုလေပြီ။သူမသည်ငါ၏ခန္ဓာကိုယ်ကိုဆီမွှေးလိမ်းကျံခြင်းဖြင့်ငါ့ကိုသင်္ဂြိုဟ်ရန်အတွက်ကြိုတင်ပြင်ဆင်ပေးခြင်းပင်ဖြစ်သည်။သင်တို့အားငါအမှန်ဆိုသည်ကားကမ္ဘာတစ်ဝှမ်းလုံးတွင်ဧဝံဂေလိသတင်းကိုဟောကြားသည့်နေရာတိုင်း၌သူမကိုအောက်မေ့သတိရကြစေရန်သူမပြုခဲ့သောကောင်းမှုကိုပြောကြားကြလိမ့်မည်ဟုမိန့်တော်မူ၏ ။ထိုအခါတပည့်တော်တစ်ဆယ့်နှစ်ပါးတို့တွင်တစ်ပါးအပါအဝင်ဖြစ်သောဂျူဒအီစကာရီရုဒ်သည်ကိုယ်တော့်ကိုအပ်နှံရန်အတွက်ရဟန်းအကြီးအကဲများထံသို့သွားလေ၏ ။ရဟန်းအကြီးအကဲတို့သည်ထိုအကြောင်းကိုကြားကြလျှင်ဝမ်းမြောက်ကြ၍၊သူ့အားငွေပေးရန်ကတိထားကြ၏ ။ဂျူဒသည်လည်းကိုယ်တော့်ကိုအပ်နှံရန်အခွင့်ကောင်းကိုရှာကြလျက်ရှိ၏ ။တဆေးမဲ့မုန့်ပွဲတော်ပထမနေ့ဖြစ်သောပါစကားသိုးငယ်ကိုသတ်၍၊ပူဇော်ရသောနေ့၌တပည့်တော်တို့ကပါစကားပွဲညစာသုံးဆောင်ရန်မည့်သည့်နေရာတွင်ပြင်ဆင်စေလိုတော်မူသနည်းဟုကိုယ်တော်အားမေးလျှောက်ကြ၏ ။ ကိုယ်တော်သည်တပည့်တော်နှစ်ပါးကိုစေလွှတ်၍သူတို့အားမိန့်တော်မူသည်မှာသင်တို့သည်မြို့တွင်းသို့သွားကြလျှင်ရေအိုးသယ်ဆောင်လာသောသူ တစ်ဦးသည်သင်တို့ကိုတွေ့ဆုံခရီးဦးကြိုပြုလိမ့်မည်။ ထိုသူ၏နောက်သို့လိုက်သွားကြလော့။ သူဝင်သောအိမ်သို့ဝင်၍အိမ်ရှင်အားငါနှင့်ငါ၏တပည့်များပါစကားညစာစားရမည့်အခန်းသည်အဘယ်မှာနည်းဟုဆရာသခင်အမိန့်ရှိကြောင်းပြောကြလော့။ထိုအခါသူသည်အဆင်သင့်ပြင်ဆင်ခင်းကျင်းထားသောညစာခန်းမကြီးကိုသင်တို့အားပြလိမ့်မည်။ ထိုနေ ရာ၌ငါတို့အတွက်ပြင်ဆင်ကြလော့ဟုမိန့်တော်မူ၏ ။ တပည့်တော်တို့သည်လည်းထွက်သွားကြ၍၊မြို့တွင်းသို့ဝင်သောအခါမိမိတို့အားကိုယ်တော်မှာထားသည့်အတိုင်းတွေ့ကြသဖြင့်ပါစကားပွဲကိုပြင်ဆင်ကြ၏ ။ညနေအချိန်ရောက်သောအခါ၊ကိုယ်တော်သည်တပည့်

တော်တစ်ဆယ့်နှစ်ပါးနှင့်အတူကြွလာတော်မူ၏။သူတို့သည်စားပွဲတွင်ထိုင်လျက်ညစာစားနေကြစဉ်ယေရှုးကသင်တို့အားငါအမှန်ဆိုသည်ကား၊ငါနှင့်အတူစားနေသောသင်တို့အထဲမှတစ်ဦးသည်ငါ့ကိုသစ္စာဖောက်လိမ့်မည်ဟုမိန့်တော်မူ၏။သူတို့သည်လည်းဝမ်းနည်းကြသဖြင့်သခင်၊တပည့်တော်ဖြစ်မည်လောဟုအသီးသီးကိုယ်တော့်ကိုမေးကြ၏။ကိုယ်တော်ကလည်းတစ်ဆယ့်နှစ်ဦးထဲမှငါနှင့်အတူပန်းကန်တွင်လက်နှိုက်သောသူသည်ငါ့ကိုသစ္စာဖောက်လိမ့်မည်။လူသားသည်ကျမ်းစာလာသည့်အတိုင်းသွားရမည်မှန်၏။သို့သော်လူသားကိုအပ်နှံသောသူသည်ဒုက္ခရောက်လိမ့်မည်၊ထိုသူသည်မွေးဖွားခြင်းမခံခဲ့ရလျှင်သာ၍ကောင်း၏ဟုမိန့်တော်မူ၏။သူတို့သည်ညစာစားနေကြစဉ်သခင်ယေရှုးသည်ပေါင်မုန့်ကိုယူတော်မူ၍ကောင်းကြီးပေးတော်မူပြီးမှဖဲ့တော်မူ၍၊မိမိတပည့်တော်တို့အားပေးလျက်ဤအရာသည်ငါ၏ကိုယ်ဖြစ်၏။ယူ၍စားကြလောဟုမိန့်တော်မူ၏။ကိုယ်တော်သည်စပျစ်ရည်ခွက်ကိုလည်းယူတော်မူ၍ကျေးဇူးတင်တော်မူပြီး၊တပည့်တော်တို့အားပေးတော်မူလျှင်သူတို့အားလုံးသည်ထိုခွက်မှသောက်ကြ၏။ကိုယ်တော်ကလည်းဤသည်ကားလူအားလုံးတို့အတွက်အပြစ်ဖြေလွှတ်ခြင်းငှာသွန်းလောင်းခံရမည့်ပဋိညာဉ်သစ်နှင့်ဆိုင်ရာငါ၏သွေးဖြစ်၏။သင်တို့အားငါအမှန်ဆိုသည်ကား၊ဘုရားသခင်၏နိုင်ငံတော်၌စပျစ်ရည်သစ်ကိုသောက်သည့်နေ့တိုင်အောင်ငါသည်စပျစ်ရည်ကိုနောက်တစ်ဖန်သောက်လိမ့်မည်မဟုတ်ဟုမိန့်တော်မူ၏။

ထို့နောက်သူတို့သည်ဓမ္မသီချင်းကိုသီဆိုချီးမွမ်းလျက်သံလွင်တောင်ပေါ်သို့ထွက်ခွာသွားကြ၏။

ထို့နောက်သခင်ယေရှုးကတပည့်တော်တို့အားမိန့်တော်မူသည်မှာသင်တို့အားလုံးသည်စွန့်ခွာထွက်ပြေးကြလိမ့်မည့်အကြောင်းကျမ်းစာ၌ရေးထားသည်မှာသိုးထိန်းကိုငါရိုက်ခတ်မည်။သိုးတို့သည်ကစဉ့်ကလျားဖြစ်ကြလိမ့်မည်ဟူ၍တည်း၊သို့သော်ငါသည်သေခြင်းမှရှင်ပြန်ထမြောက်ပြီးနောက်သင်တို့ထက်အလျင်ဦးစွာဂါလိလေနယ်သို့သွားနှင့်မည်ဟုမိန့်တော်မူ၏။ထိုအခါပေတရုကသူတို့အားလုံးစွန့်ခွာထွက်ပြေးသော်လည်းတပည့်တော်သည်မည်သည့်အခါမျှစွန့်ခွာလိမ့်မည်မဟုတ်ပါဟုလျှောက်လေ၏။ယေရှုးကလည်းသင့်အားငါအမှန်ဆိုသည်ကား၊ဤညတွင်ကြက်နှစ်ခါမတွန်မီသင်သည်ငါ့ကိုသုံးကြိမ်ငြင်းပယ်လိမ့်မည်ဟုသူ့အားမိန့်တော်မူ၏။သို့သော်သူကအကယ်၍တပည့်တော်သည်ကိုယ်တော်နှင့်အတူအသက်သေရမည်ဆိုလျှင်လည်းကိုယ်တော့်ကိုတပည့်တော်မငြင်းပယ်ပါဟုအခိုင်အမာလျှောက်ထားလေ၏။တပည့်တော်အားလုံးတို့သည်လည်းထိုနည်းတူလျှောက်ထားကြ၏။

ထိုအခါသူတို့သည်ဂျက်ဆေမာနီအမည်ရှိသောဥယျာဉ်သို့သွားကြ၏။ကိုယ်တော်ကငါဆုတောင်းနေစဉသင်တို့ဤနေရာမှာထိုင်နေကြလော့ဟုမိန့်တော်မူ၏။ကိုယ်တော်သည်ပေတရု၊ယာကုပ်နှင့်ယောဟန်တို့ကိုမိမိနှင့်အတူခေါ်သွားတော်မူ၏။ကိုယ်တော်သည်ပြင်းစွာပူပင်သောကရောက်၍စိတ်ညှိုးငယ်ပူဆွေးခြင်းကိစတင်ခံစားရတော်မူ၏။ကိုယ်တော်ကငါ၏စိတ်နှလုံးသည်သေလုမတတ်ဝမ်းနည်းပူဆွေးခြင်းကိုခံစားနေရ၏။ဤနေရာမှာနေ၍နိုးကြားစွာစောင့်နေကြလောဟုသူတို့အားမိန့်တော်မူ၏။ထိုနေရာမှရှေ့သို့အနည်းငယ်ကြွသွားပြီးမှမြေပေါ်မှာပျပ်ဝပ်လျက်အကယ်၍ဖြစ်နိုင်လျှင်ဤအချိန်နာရီသည်မိမိထံမှကျော်လွန်သွားပါမည့်အကြောင်းဤသို့ဆုတောင်းလေ၏။

အိုအဘ၊ကိုယ်တော်သည်အရာခပ်သိမ်းကိုတတ်နိုင်တော်မူပါ၏။ဤခွက်ကိုကျွန်ုပ်ထံမှဖယ်ရှားတော်မူပါ။သို့သော်လည်းကျွန်ုပ်၏အလိုအတိုင်းမဟုတ်ပါ။ကိုယ်တော်၏အလိုတော်အတိုင်းသာဖြစ်ပါစေဟုဆုတောင်းတော်မူ၏။

ထို့နောက်ကိုယ်တော်သည်တပည့်တော်များထံသို့ကြွလာလျှင်သူတို့အိပ်ပျော်နေကြသည်ကိုတွေ့ရသဖြင့်ပေတရုအားစီမုန်သင်သည်အိပ်ပျော်နေသလော။သင်တို့သည်တစ်နာရီမျှမစောင့်နိုင်ကြပြီလော။နှောင့်ယှက်ခြင်းသို့မကျရောက်ရလေအောင်နိုးကြားစွာစောင့်လျက်ဆုတောင်းကြလော့။စိတ်ဝိညာဉ်သည်ထက်သန်သည်မှန်သော်လည်းကိုယ်ကာယမှာအားနည်းလှသည်ဟုမိန့်တော်မူ၏။တစ်ဖန်ကိုယ်တော်သည်ထွက်သွားတော်မူ၍၊ယခင်ကမက်ဆိုခဲ့သည့်အတိုင်းဆုတောင်းပြန်၏။တစ်ဖန်ကိုယ်တော်သည်ပြန်လာတော်မူလျှင်သူတို့အိမ်ပျော်လျက်ရှိနေကြသည်ကိုတွေ့တော်မူ၏။အကြောင်းမူကား၊သူတို့၏မျက်စိများသည်အလွန်လေးလံလျက်ရှိသောကြောင့်ဖြစ်၏။ သူတို့သည်လည်းကိုယ်တော့်ကိုမည်သို့ပြန်ပြောရမည်ကိုမသိကြ။

ကိုယ်တော်သည်သူတို့အထံသို့တတိယအကြိမ်လာတော်မူလျှင်သင်တို့သည်အိပ်စက်အနားယူလျက်ရှိသေးသလော။တော်လောက်ပြီ။အချိန်နာရီရောက်လာလေပြီ။လူ့သားသည်အပြစ်သားတို့၏လက်တွင်းသို့အပ်နှံခြင်းခံရတော့မည်။ ထကြ လော့။ သွားကြစို့။ ငါ့ကိုအပ်နှံမည့်သူသည်ရောက်လာပြီဟုမိန့်တော်မူ၏။

ထိုကဲ့သို့ကိုယ်တော်မိန့်တော်မူစဉ်တစ်ဆယ့်နှစ်ပါးတို့တွင်အပါအဝင်ဖြစ်သောဂျုဒနှင့်အတူရဟန်းအကြီးအကဲများ၊ ကျမ်းတတ်ဆရာများနှင့်သက်ကြီးဝါကြီးများက စေလွှတ်လိုက်သောလူအစုအဝေးသည်တုတ်၊ဓားများကိုင်ဆောင်လျက်ချက်ခြင်းရောက်လာကြ၏။ကိုယ်တော့်ကိုသစ္စာဖောက်အပ်နှံသောသူကငါနမ်းသောသူသည်ထိုသူဖြစ်၏။သူ့ကိုဖမ်းဆီးကြ၍လုံခြုံစွာခေါ်ဆောင်သွားကြလော့ဟုဆိုလျက်သူတို့အားအချက်ပေးထားလေ၏။ဂျုဒရောက်လာသောအခါသူသည်ချက်ချင်းကိုယ်တော့်ထံတော်သို့ချဉ်းကပ်၍၊အာဝေ၊ရဗ္ဗိဟုဆို၍ကိုယ်တော့်ကိုနမ်းလေ၏။ ထိုသူတို့သည်လည်းလာကြ၍ကိုယ်တော့်ကိုချုပ်ကိုင်ဖမ်းဆီးကြလေ၏။

ထိုအခါကိုယ့်တော်ထံပါးတွင်ရပ်နေသူတစ်ဦးသည်ဓားကိုဆွဲထုတ်၍ရဟန်းချုပ်၏အစေခံတစ်ယောက်ကခုတ်သဖြင့်ထိုသူ၏နားရွက်ပြတ်လေ၏။သခင်ယေရှုကလည်းသူတို့အားမိန့်တော်မူသည်မှာသင်တို့သည်တုတ်၊ဓားများကိုကိုင်ဆောင်လျက်ဓားပြဖမ်းသကဲ့သို့ငါ့ကိုဖမ်းဆီးရန်လာကြသလော။ငါသည်ဗိမာန်တော်၌နေ့စဉ်နေ့တိုင်းသင်တို့နှင့်အတူရှိလျက်ဟောပြောသွန်သင်နေစဉ်သင်တို့သည်ငါ့ကိုမဖမ်းဆီးကြ။သို့သော်လည်းကျမ်းစကားတို့သည်ပြည့်စုံကြပါစေဟု မိန့်တော်မူ၏။

ထိုအခါတပည့်တော်အားလုံးသည်ကိုယ်တော့်ကိုထားခဲ့၍ထွက်ပြေးကြလေ၏။ပိတ်စပိုင်းတစ်ခုကိုသာကိုယ်မှာရစ်ပတ်ထားသောလူရွယ်တစ်ဦးသည်ကိုယ်တော့်နောက်တော်မှလိုက်လာသော်လည်းသူ့ကိုဖမ်းဆီးကြသောအခါသူသည်ပိတ်စပိုင်းကိုထားခဲ့၍အဝတ်မပါဘဲအချည်းစည်းထွက်ပြေးလေ၏။ထိုသူများသည်သခင်ယေရှုကိုရဟန်းချုပ်ထံသို့ခေါ်ဆောင်သွားကြ၏။အားလုံးသောရဟန်းအကြီးအကဲများ၊သက်ကြီးဝါကြီးများနှင့်ကျမ်းတတ်ဆရာများတို့သည်စုဝေးနေကြ၏။

ပေတရုသည်ရဟန်းချုပ်၏အိမ်တော်ဦးတိုင်အောင်ဝင်၍၊ကိုယ်တော့်နောက်တော်သို့မလှမ်းမကမ်းမှလိုက်ပါလျက်၊အစောင့်များနှင့်အတူထိုင်၍မီးလှုံနေလေ၏။ရဟန်းအကြီးအကဲများနှင့်ဘာသာရေးလွှတ်တော်တစ်ခုလုံးသည်သခင်ယေရှုကိုသေဒဏ်စီရင်ရန်သက်သေအထောက်အထားများရှာကြသော်လည်းသူတို့သည်မည်သည့်သက်သေကိုမျှမတွေ့ကြချေ၊အကြောင်းမူကား၊များစွာသောသူတို့သည်မှသားသက်သေခံကြသော်လည်းသူတို့၏သက်သေထွက်ချက်များသည်ကိုက်ညီမှုမရှိကြ။အချို့တို့သည်ထ၍မဟုတ်မမှန်သက်သေထွက်ဆို လျက်ကိုယ်တော့်ကိုစွပ်စွဲပြောဆိုကြသည်မှာ။

ဤသူကငါသည်လူတို့လက်ဖြင့်ဆောက်လုပ်ထားသောဗိမာန်တော်ကိုဖျက်ဆီး၍လူတို့လက်ဖြင့်မတည်ဆောက်သောအခြားဗိမာန်တော်တစ်ခုကိုသုံးရက်အတွင်းငါတည်ဆောက်မည်ဟုပြောဆိုသည်ကိုကျွန်တော်တို့ကြားခဲ့ပါသည်ဟုဆိုကြ၏။ ထိုသို့ထွက်ဆိုကြသော်လည်းသူတို့၏သက်သေခံချက်များသည်ကိုက်ညီမှုမရှိကြချေ။ထိုအခါရဟန်းချုပ်သည်သူတို့အလယ်၌ထ၍သင်၌ဖြေကြားစရာမရှိသလော။သင့်ကိုစွပ်စွဲထွက်ဆိုခဲ့ကြသောဤ သူတို့၏သက်သေခံချက်များကာအဘယ်အကြောင်းများနည်းဟုကိုယ်တော့်အားမေးလေ၏။ သို့သော်ကိုယ်တော်သည်တိတ်ဆိတ်စွာနေတော်မူ၍၊မည်သို့မျှပြန်ဖြေတော်မမူချေ။တဖန်ရဟန်းချုပ်ကသင်သည်ခရစ်တော်တည်းဟူသောမွန်မြတ်သောဘုရားသခင်၏သားတော်ဖြစ်သလောဟုကိုယ်တော်အားမေးလေ၏။သခင်ယေရှုကလည်းငါဖြစ်၏။လူ့သားသည်ဘုရားသခင်၏ဘုန်းအာနုဘော်တော်လက်ယာဘက်မှာထိုင်လျက်မိုးတိမ်ပေါ်ကကြွလာသည်ကိုသင်တို့မြင်ကြရလိမ့်မည်ဟုသူ့အားမိန့်တော်မူ၏။ထိုအခါရဟန်းချုပ်သည်မိမိအဝတ်များကိုဆုတ်လျက်ပြောဆိုသည်မှာငါတို့သည်မည်သည့်သက်သေများလိုပါသေးသနည်း။ဘုရားသခင်အားထိခိုက်ပြောဆိုသောစကားကိုသင်တို့ကြားကြရပြီ။သင်တို့မည်သို့စီရင်ဆုံးဖြတ်မည်နည်းဟုဆိုလျှင်ထိုသူအားလုံးကကိုယ်တော့်ကိုသေဒဏ်ခံသင့်သည်ဟုစီရင်ကြ၏။

တချို့သောသူတို့သည်ကိုယ်တော့်ကိုတံတွေးနှင့်ထွေးကြ၍ကိုယ်တော်၏မျက်နှာတော်ကိုဖုံးအုပ်ထားကာရိုက်ပုတ်ကြလျက်ပရောဖက်ဉာဏ်နှင့်ဟောပါလောဟုဆိုကြ၏။အစောင့်များသည်လည်းကိုယ်တော့်ကိုလက်သီးနှင့်ထိုးကြ၏။ပေတရုသည်အိမ်တော်ဝင်းအပြင်ဘက်၌ရှိစဉ်ရဟန်းချုပ်၏အစေခံအမျိုးသမီးတစ်ဦးသည်လာ၍၊ပေတရုမီးလှုံနေသည်ကိုမြင်လျှင်သူ့အားကြည့်လျက်သင်သည်လည်းနာဇရက်မြို့သားယေရှုနှင့်အတူရှိခဲ့သည်ဟုဆို၏။ပေတရုကလည်းသင်ပြောဆိုသောအရာကိုငါမသိ၊ငါနားလည်းမလည်ကိုယ်တော့်ကိုငြင်းပယ်လေ၏။သူသည်အိမ်တော်ဝင်းတံခါးဆီသို့ထွက်သွားစဉ်တွင်ကြက်ဖတွန်လေ၏။တဖန်အစေခံအမျိုးသမီးတစ်ဦးသည်သူ့ကိုမြင်လျှင်အနီးတွင်ရပ်နေသောသူများအားစတင်ပြောဆိုသည်မှာဤသူသည်ထိုသူတို့အဖွဲ့တွင်တစ်ဦးအပါအဝင်ဖြစ်သည်ဟုဆိုလေ၏။ သူသည်တဖန်ငြင်းပယ်ပြန်၏။ အချိန်အနည်းငယ်ကြာသောအခါအနားတွင်ရပ်နေသောသူများကပေတရုအားသင်သည်အမှန်စင်စစ်ထိုသူတို့တွင်တစ်ဦးအပါအဝင်ဖြစ်၏။အကြောင်းမူကား၊သင်သည်ဂါလိလေနယ်သားတစ်ဦးဖြစ်၏ဟုဆိုကြ၏၊ သို့သော်ပေတရုကသင်တို့ပြောဆိုနေသောသူကိုငါမသိဟုကျိန်တွယ်ပြောဆိုလေ၏။ထိုခဏချင်းတွင်ဒုတိယအကြိမ်ကြက်ဖသွန်လေ၏။ပေတရုသည်လည်းကြက်ဖနှစ်ကြိမ်မတွန်မီသင်သည်ငါ့ကိုသုံးကြိမ်တိုင်တိုင်ငြင်းပယ်လိမ့်မည်ဟုသခင်ယေရှုမိန့်တော်မူသောစကားကိုအောက်မေ့သတိရသဖြင့်ပြင်းထန်စွာငိုကြွေးလေ၏။

နံနက်အချိန်ရောက်လျှင်ရဟန်းအကြီးအကဲများ၊သက်ကြီးဝါကြီးများ၊ကျမ်းတတ်ဆရာများနှင့်ဘာသာရေးလွှတ်တော်တစ်ခုလုံးသည်ဆွေးနွေးတိုင်ပင်ကြ၍၊သခင်ယေရှုကိုချည်နှောင်လျက်ခေါ်ဆောင်သွားကြပြီးလျှင်ပီလာတုမင်းလက်သို့အပ်လိုက်ကြ၏။

ပီလာတုမင်းကသင်သည်ဂျူးလူမျိုးတို့၏ဘုရင်ဖြစ်သလောဟုကိုယ်တော့်ကိုမေးလျှင်သင်ဆိုလေပြီဟုကိုယ်တော် ကပြန်ဖြေတော်မူ၏။ ရဟန်းအကြီးအကဲတို့သည်ကိုယ်တော့်အပေါ်များစွာစွပ်စွဲပြောဆိုကြ၏။ တဖန်ပီလာတုမင်းကသင်၌ဖြေကြားစရာမရှိသလော။သင့်အပေါ်စွပ်စွဲပြစ်တင်ထားသောပြစ်ချက်များမည်မျှများပြားသည်ကိုကြည့်ပါလောဟုကိုယ် တော့်အား ဆို၏။

သို့သော်ကိုယ်တော်သည်နောက်ထပ်စကားတစ်ခွန်းမျှပြန်ပြောတော်မမူသောကြောင့်ပီလာတုမင်းသည်အလွန်အံ့ဩလေ၏။ပွဲတော်အချိန်အခါတွင်ပီလာတုမင်းသည်လူအများတောင်းဆိုသည့်အကျဉ်းသားတစယောက်ကိုလွှတ်ပေးလေ့ရှိ၏။ပုန်ကန်ထကြွမှုကြောင့်အကျဉ်းချနေသူများတွင်လူသတ်မှုကျူးလွန်ထားသောဘာရဗ္ဗာဆိုသူတစ်ဦးရှိ၏။လူအစုအဝေးတို့သည်ပီလာတုမင်းထံလာရောက်ကြ၍၊မိမိတို့အတွက်သူပြုလုပ်ပေးလေ့ရှိသည့်အတိုင်းဆောင်ရွက်ပေးရန်တောင်းခံကြ၏။ပိလာတုမင်းကသင်တို့အတွက်ဂျူးလူမျိုးတို့၏ဘုရင်ကိုငါလွှတ်ပေးစေလိုသလောဟုသူတို့အားမေးလေ၏။အကြောင်းမူကား၊ရဟန်းအကြီးအကဲတို့သည်မနာလိုသောစိတ်ဖြင့်ကိုယ်တော့်ကိုအပ်နှံခဲ့ကြကြောင်းသူသိ၏။ သို့သော်ရဟန်းအကြီး အကဲတို့ကမူကား၊ဘာရဗ္ဗာကိုလွှတ်ပေးခြင်းငှာတောင်းဆိုကြရန်လူအစုအဝေးတို့အားလှုံ့ဆော်တိုက်တွန်းကြ၏။ပီလာတုမင်းကလည်းဤသို့ဖြစ်လျှင်ဂျူးလူမျိုးတို့၏ဘုရင်ဟုသင်တို့ခေါ်သောသူကိုငါမည်သို့ပြုရမည်နည်းဟုသူတို့အားတဖန်မေးသောအခါ။ ထိုသူတို့ကသူ့ကိုလက်ဝါးကပ်တိုင်တင်၍သတ်ပါဟုတဖန်အော်ဟစ်ကြ၏။ထိုအခါပီလာတုမင်းကအဘယ်ကြောင့်နည်း။သူသည်မည်သည့်မကောင်းမှုကိုပြုခဲ့မိသနည်းဟုမေးလျှင်သူတို့ကသူ့ကိုလက်ဝါးကပ် တိုင်တင်၍သတ်ပါဟုပို၍ကျယ်လောင်စွာအော်ဟစ်ကြ၏။

ပီလာတုသည်လူအစုအဝေးကျေနပ်စေရန်အလိုရှိသောကြောင့် ဘာရဗ္ဗာကိုသူတို့အတွက်လွှတ်စေ၍၊သခင်ယေရှုကိုကြိမ်နှင့်ရိုက်စေပြီးမှလက်ဝါးကပ်တိုင်တင်စေရန်အပ်လိုက်လေ၏။စစ်သူရဲများသည်ကိုယ်တော့်ကိုပရီတော်ရီယွန်းဟုခေါ်သောဘုရင်ခံ၏အိမ်တော်အတွင်းသို့ခေါ်ဆောင်သွားကြပြီးစစ်သူရဲတစ်တပ်လုံးကိုအထံတော်၌စုရုံးစေ၏။ ထို့နောက်သူတို့သည်ကိုယ်တော်ကိုနီမောင်းသောဝတ်လုံဖြင့်ခြုံပေးကြ၏။ဆူးခက် နှင့်ခွေထားသောဦးရစ်သရဖူကိုလည်းကိုယ်တော်၏ဦးခေါင်းပေါ်မှာတင်ကြ၏။

ပြီးလျှင်သူတို့ကဂျူးလူမျိုးတို့၏ဘုရင်သက်တော်ရာကျော်ရှည်ပါစေဟုဆို၍ကိုယ်တော့်ကိုနှုတ်ဆက်ကြ၏။တဖန်သူတို့သည်ကိုယ်တော်၏ဦးခေါင်းကိုကျူလုံးနှင့်ရိုက်ကြ၍တံတွေးနှင့်ထွေးကြ၏။ရှေ့တော်၌ဒူးထောက်လျက်ဦးညွှတ်ရှိခိုးကြ၏။ဤသို့သူတို့သည်ကိုယ်တော်ကိုပြောင်လှောင်ပျက်ရယ်ပြုကြပြီးနောက်နီမောင်းသောဝတ်ရုံကိုဆွဲချွတ်ကြ၍၊ကိုယ်တော်၏အဝတ်များကိုပြန်ဝတ်စေကြ၏။ထို့နောက်သူတို့သည်ကိုယ်တော့်ကိုလက်ဝါးကပ်တိုင်တင်ရန်ခေါ်ဆောင်သွားကြ၏။

စစ်သူရဲတို့သည်လယ်တော်မှပြန်လာသောအလက်ဇန္ဒြားနှင့်ရုဖုတို့တို့၏ဖခင်၊စီရေနေမြို့သားစီမုန်နှင့်လမ်းတွင်တွေ့ကြလျှင်သူကိုအနိုင်အထက်ပြု၍လက်ဝါးကပ်တိုင်ကိုထမ်းစေကြ၏။သူတို့သည်ကိုယ်တော့်ကိုဂေါလ်ဂေါသဟုမည်တွင်သောအရပ်သို့ခေါ်ဆောင်သွားကြ၏။ထိုအမည်၏အနက်အဓိပ္ပာယ်ကားဦးခေါင်းခွံအရပ်ဟူ၍ဖြစ်သတည်း။သူတို့ သည်မူရန်နှင့်ရောထားသောစပျစ်ရည်ကိုကိုယ်တော်သောက်ရန်ပေးကြ၏။သို့သော်ကိုယ်တော်သည်မသောက်ဘဲနေတော်မူ၏။ထို့နောက်သူတို့သည်ကိုယ်တော်ကိုလက်ဝါးကပ်တိုင်တင်ကြပြီး၊ကိုယ်တော်၏အဝတ်များကိုမဲချ၍၊ခွဲဝေယူကြ၏။ကိုယ်တော်ကိုသူတို့လက်ဝါးကပ်တိုင်တင်သောအချိန်မှာသုံးချက်တီးခန့်ဖြစ်၏။ကိုယ်တော့်အပေါ်စွဲချက်တင်ထားသည့်ကမ္ပည်းစာတမ်းသည်ကားဂျူးလူမျိုးတို့၏ဘုရင်ဟူ၍ဖြစ်သတည်း။ထို့ပြင်သူတို့သည်ဓားပြနှစ်ယောက်ကိုကိုယ်တော်နှင့်အတူလက်ယာဘက်၌တစ်ယောက်၊ လက်ဝဲဘက်၌တစ်ယောက်လက်ဝါးကပ်တိုင်တင်ထားကြ၏။ ဤသို့ဖြင့်သူသည်ရာဇဝတ်သားတို့နှင့်အတူရေတွက်ခြင်းခံရ၏ဟူသောကျမ်းချက်သည်ပြည့်စုံခြင်းသို့ရောက်၏။လမ်းပေါ်မှာဖြတ်သွားသောသူများကလည်းမိမိတို့ဦးခေါင်းများကိုဆက်ကြလျက်ကဲ့ရဲ့ပြောဆိုကြသည်ကားကည့်လော၊

ဗိမာန်တော်ကိုဖြိုဖျက်၍သုံးရက်အတွင်းတည်ဆောက်မည့်သူ၊ ယခုသင့်ကိုယ်ကိုသင်ကယ်တင်ပါလော၊ လက်ဝါးကပ်တိုင်မှဆင်းလာပါလောဟုဆိုကြ၏။

ထိုနည်းတူပင်ရဟန်းအကြီးအကဲများနှင့်ကျမ်းတတ်ဆရာတို့သည်လည်းကိုယ်တော့်ကိုပျက်ရယ်ပြု၍အချင်းချင်းပြောဆိုကြသည်ကား၊ဤသူသည်အခြားသူများကိုကယ်ဆယ်ခဲ့၏။မိမိကိုယ်ကိုမူမကယ်ဆယ်နိုင်ပါတကား။အစ္စရေးလ်လူမျိုး၏ဘုရင်ခရစ်တော်သခင်၊လက်ဝါးကပ်တိုင်မှယခုဆင်းလာပါစေ။သင်ဆင်းလာသည်ကိုငါတို့မြင်ရလျှင်ငါတို့ယုံကြည်ပါ မည်ဟုအချင်းချင်းပြောင်လှောင်ပြောဆိုကြ၏။

ခြောက်ချက်တီးအချိန်(မွန်းတည့်ချိန်)မှစ၍၊ကိုးချက်တီးအချိန်တိုင်အောင်မြေတပြင်လုံး၌မှောင်အတိဖြစ်လေ၏။ကိုးချက်တီးအချိန်(မွန်းလွဲသုံးနာရီ)တွင်သခင်ယေရှုသည်ကျယ်လောင်သောအသံဖြင့်ဧလီ၊ဧလီလမာစာဘတ္တာနီဟုအော်ဟစ်တော်မူ၏။အဓိပ္ပာယ်မှာကျွန်ုပ်၏ဘုရား၊ကျွန်ုပ်၏ဘုရား၊အဘယ်ကြောင့်ကျွန်ုပ်ကိုစွန့်ပစ်ထားတော်မူပါသနည်းဟုဆိုလိုသတည်း။အနားတွင်ရပ်နေကြသောသူအချို့တို့ကဤစကားကိုကြားသောအခါကြည့်လော့။ သူသည် ဧလိယကိုခေါ်နေသည်ဟု ဆိုကြ၏။

သူတို့တွင်တစ်ယောက်သည်ပြေးသွား၍၊ရေစုပ်နိုင်သောရေမှိုကိုပုံးရည်တွင်နှစ်ပြီးမှကျူရိုးတွင်တပ်လျက်ကိုယ်တော်သောက်ရန်ပေးလျက်၊ခေတ္တစောင့်ကြည့်ကြစို့။သူ့ကိုကယ်တင်ရန်ဧလိယလာမည်မလာမည်ကိုကြည့်ကြစို့ဟုဆိုကြ၏။သို့သော်သခင်ယေရှုသည်ကျယ်လောင်သောအသံဖြင့်အော်ဟစ်လျက်အသက်တော်ကိုစွန့်တော်မူ၏။ထိုအချိန်၌ဗိမာန်တော်၏ကန့်လန့်ကာသည်အထက်စွန်းမှအောက်စွန်းတိုင်အောင်စုတ်၍နှစ်ပိုင်းကွဲသွားလေ၏။ကိုယ်တော်၏ရှေ့တွင်ရပ်နေသောလူတစ်ရာတပ်မှူးသည်ကိုယ်တော်ဤကဲ့သို့အသက်တော်ထွက်သွားသည်ကိုမြင်သောအခါဤလူသည်ဘုရား၏သားတော်အမှန်စင်စစ်ဖြစ်သည်ဟုဆိုလေ၏။ အချို့သောအမျိုးသမီးများသည် အဝေးမှရပ်လျက်ကြည့်နေကြ၏။

ထိုသူများတွင်မာရိယာမာဒလေးနာ၊ယာကုပ်နှင့်ဂျိုဇက်တို့၏အမိဖြစ်သူမာရိယနှင့်စာလိုမေတို့ပါဝင်ကြ၏။ ထိုအမျိုးသမီးများသည်ကိုယ်တော်ဂါလိလေနယ်တွင်ရှိတော်မူခဲ့စဉ်နောက်တော်မှလိုက်၍လုပ်ကျွေးခြင်းအမှုကိုပြုခဲ့ကြသောသူများဖြစ်ကြ၏။

သူတို့အပြင်ကိုယ်တော်နှင့်အတူဂျေရုဆလင်မြို့သို့လိုက်ပါလာကြသောအခြားအမျိုးသမီးများလည်းဤနေရာတွင်ရှိကြ၏။ ထိုနေ့သည်ကား၊ဥပုသ်နေ့ကိုကြိုတင်ပြင်ဆင်ရသောအဖိတ်နေ့ဖြစ်၏။

ညနေအချိန်ရောက်သောအခါ၊အာရိမာတေယမြို့သားဂျိုးဇက်သည်လူသူလေးစားခံရသူလွှတ်တော်အရာရှိတစ်ဦးဖြစ်ပြီး၊ဘုရားသခင်၏နိုင်ငံတော်ကိုစောင့်မျှော်နေသောသူလည်းဖြစ်သည်နှင့်အညီပီလာတုမင်းထံသို့ရဲဝံ့စွာဝင်ပြီးလျှင်သခင်ယေရှု၏အလောင်းတော်ကိုတောင်းလေ၏။ပီလာတုမင်းသည်ကိုယ်တော်အသက်ထွက်တော်မူကြောင်းကိုကြားလျှင်အလွန်အံ့အားသင့်၍လူတစ်ရာတပ်မှူးကိုခေါ်လျက်ကိုယ်တော်အသက်ထွက်တော်မူသည့်အကြောင်းကိုမေးမြန်းလေ၏။သူသည်လူတစ်ရာတပ်မှူးထံမှကိုယ်တော်အသက်ထွက်တော်မူကြောင်းကိုသိရလျှင်ဂျိုးဇက်အားကိုယ်တော်၏အလောင်းတော်ကိုအောက်သို့ချပြီးလျှင်ပိတ်အဝတ်နှင့်ပတ်ရစ်လျက်ကျောက်ဆောင်တွင်ထွင်းထားသောသင်္ချိုင်းဂူအသစ်၌ကိုယ်တော်ကိုသွင်းထားလေ၏။ ထို့နောက်သင်္ချိုင်းဂူအဝတွင်လည်း ကျောက်တုံးကြီးတစ်တုံးကိုလှိမ့်၍ပိတ်ထားလေ၏။

မာရိယာမာဒလေးနာနှင့်ဂျိုးဇက်၏အမိမာရိယတို့သည်လည်းအလောင်းတော်သင်္ဂြိုဟ်သည့်နေရာကိုတွေ့မြင်ကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။